

မင်းမြတ်သူရ
ဂျမ ဒါမင်းထင် နှင့်
ဒေါင်းယောင်ဆောင်သောကျီး
L ဏင်

## အခန်း(၁)

တစ်နေ့သ၌ ကျွန်ုပ်နှင့် ဂျာမဒါမင်းထင်သည် ဘုန်းကြီးလမ်းနေအိမ်၌ ထိုင်၍ ရောက် တတ်ရာရာများ ပြောဆိုနေစဉ်တွင် တံခါးခေါက်သံသဲ့သဲ့ကို ကြားလိုက်ရလေ၏ ။

ဂျာမဒါမင်းထင်က ကျွန်ုပ်ဘက်သို့လှည့်၍

"အမှုသည်မိန်းကလေး ငယ်ငယ်ချောချောထဲက ဖြစ်ဖို့များတယ်"

ဟုဆိုလိုက်ရာ ကျွန်ုပ်က မျက်မှောက်ကြုတ်၍ ဂျာမဒါမင်းထင်ကိုကြည့်လိုက်ပြီး

"ကျုပ်တို့နှစ်ယောက်စလုံး ဒီမှာရှိနေတယ်၊ တံခါးခေါက်သံကို အခုပဲကြားရတယ်၊ ဒါပေမယ့် ဂျာမဒါက အမှုသည်မိန်းကလေးငယ်ငယ်ချောချောလို့ ပြောတယ်၊ ဘယ်လိုများပြောလိုက်တာ လဲဗျာ၊ ဂျာမဒါမှာ နတ်မျက်စိများ ရှိနေသလား"

ဟု မေးမြန်းလိုက်၏ ။

ဂျာမဒါမင်းထင်က ရယ်မော၍

"ကျုပ်တို့နဲ့ရင်းနှီးသူတွေရဲ့ တံခါးခေါက်သံကို ကျုပ်မှတ်ထားတာ ခင်ဗျားသိပါတယ်၊ ဒါဟာ လူစိမ်းတစ်ယောက်ရဲ့ တံခါးခေါက်သံဗျ၊ တံခါးခေါက်သံကြားပြီးပြီးချင်း ကျုပ်ရဲ့နှာခေါင်းဝမှာ ဗိုက် တဝေးကရောင်းတဲ့ ရေသူမရေမွှေးနဲ့ သင်းသင်းလေးကို ရတယ်ဗျ၊ ရေသူမရေမွှေးကို ဒီနေ့ခေတ် မိန်းမငယ်လေးတွေ သုံးလေ့ရှိတယ်၊ ဒါကြောင့် ကျုပ်တို့အိမ်တံခါးခေါက်တဲ့သူဟာ

မိန်းမငယ် လေးလို့ မှန်းဆလိုက်တယ်၊ ချောမောလှပတယ်ဆိုတာကတော့ ထင်ကြေးနဲ့ ရမ်းပြောလိုက်တာဗျ၊ ဒါပေမယ့် ကျုပ်ရဲ့ထင်ကြေး မှန်တယ်ဆိုတာ ခင်ဗျားတံခါးဖွင့်ရင် သိပါလိမ့်မယ်”

ဟုဆိုလိုက်ရာ ကျွန်ုပ်လည်း ဂျာမဒါမင်းထင်၏ အဖြေကို ကျေနပ်သွားပြီး အခန်းတံခါးဆီသို့ လျှောက်လှမ်းကာ တံခါးကိုဖွင့်လိုက်လေ၏။ ထိုအခါ တံခါးဝ၌ အသက်နှစ်ဆယ်ဝန်းကျင် မိန်းမ ချောလေးတစ်ယောက်ကို မြင်တွေ့လိုက်ရ၏။

ဂျာမဒါမင်းထင်က

“ကျုပ်အထင် မှန်တယ်မဟုတ်လား”

ဟုမေးမြန်းလိုက်ရာ ကျွန်ုပ်က

“သိပ်မှန်တာပေါ့ ဂျာမဒါ”

ဟု ပြောလိုက်လေ၏။

ကျွန်ုပ်က မိန်းမချောလေးကို အိမ်ထဲသို့ဝင်ရန် ဖိတ်ခေါ်လိုက်လေ၏။

မိန်းမချောလေးသည် ပုဒ္မာအကျႌအဖြူရောင်နှင့် အနက်ရောင်ဇင်းမယ်လုံချည်ကို ဝတ် ဆင်ထား၏။

သူမ၏ အသားအရည်မှာ ရွှေလိုဝင်းပြီး ကိုယ်လုံးကိုယ်ထည်မှာလည်း အရွယ်နှင့်မမျှအောင် ဖွံ့ထွားလှပေ၏။

မိန်းမချောလေးသည် ဂျာမဒါမင်းထင်၏ အရှေ့၌ ယို့ယို့လေးဝင်ထိုင်လိုက်၏။ ဂျာမဒါမင်း ထင်က

“ကျုပ်နာမည် ဂျာမဒါမင်းထင်ပါ၊ ဘာအကူအညီပေးရမလဲ မိန်းကလေး၊ ဟောဒီပုဂ္ဂိုလ်က ကျုပ်မိတ်ဆွေပဲ၊ လုံခြုံစိတ်ချစွာနဲ့ တိုင်ပင်ဆွေးနွေးနိုင်ပါတယ်”

ဟု ပြောလေ၏။

ထိုအခါ မိန်းမချောလေးက

"ကျွန်မနာမည် မမြဖူးလို့ ခေါ်ပါတယ်ရှင်၊ ဂျာမဒါမင်းထင်ရဲ့အကြောင်းကို ကျွန်မသူငယ် ချင်းရဲ့ ဦးကြီးတစ်ယောက်က ပြောဖူးလို့သိပါတယ်၊ ဒါကြောင့် ကျွန်မဘဝမှာ အင်မတန်ရှုပ်ထွေး ပွေလီတဲ့ အမှုဖြစ်နေချိန်မှာ ဂျာမဒါမင်းထင်ဆီကို အားကိုးတကြီး လာခဲ့တာပါ"

ဟု ပြောလေသည်။

ထိုအခါ ဂျာမဒါမင်းထင်က စိတ်ဝင်စားဟန်ဖြင့်

"ရှုပ်ထွေးပွေလီတဲ့အမှုမျိုးကိုလိုက်ဖို့ ကျုပ်တို့ပိုပြီး စိတ်ဝင်စားပါတယ်၊ မမြဖူးရဲ့ အမှု အကြောင်း ပြောပါဦး"

"ကျွန်မအဖေက ဗြိတိသျှဘုရင်မလေတပ်မှာ အမှုထမ်းပါတယ်၊ လွန်ခဲ့တဲ့ ၅ နှစ်လောက်က အဖေ လိုက်ပါသွားတဲ့ ကုန်တင်လေယာဉ်ဟာ အိန္ဒိယ-မြန်မာ နယ်စပ်မှာ ပျက်ကျသွားတယ်လို့ သိ ရပါတယ်၊ ကျွန်မဘဝမှာ အဖေတစ်ခု သမီးတစ်ခုဆိုတော့ အဖေမရှိတဲ့အတွက် ကျွန်မ ဝမ်းနည်း ကြေကွဲမဆုံး ဖြစ်ရပါတယ်၊ အဖေဆုံးသွားတော့ ကောလိပ်ကျောင်းလဲ ဆက်မတက်နိုင်ဘဲ ကျွန်မတို့မြို့မှာပဲ ကျောင်းဆရာမအလုပ် ဝင်လုပ်ခဲ့ပါတယ်၊ ဒီလိုနဲ့ အဖေလေယာဉ်ပျက်ကျသေဆုံး ပြီးလို့ တစ်နှစ်အကြာမှာ စာတိုက်ကနေ ထူးဆန်းတဲ့စာတစ်စောင် ရောက်လာပါတယ်၊ ဒီစာကိုဖတ် ပြီးတဲ့အခါမှာ ကျွန်မ အင်မတန်အံ့ဩဝမ်းသာရပါတယ်၊ စာကိုရေးလိုက်တဲ့သူက အိန္ဒိယ-မြန်မာ နယ်စပ်မှာ လေယာဉ်ပျက်ကျသွားတယ်ဆိုတဲ့ ကျွန်မအဖေပါ၊ အဖေရဲ့စာထဲမှာ သူ လေယာဉ်ပျက် ကျပြီး အသက်မသေတဲ့အကြောင်း၊ မြန်မာပြည်နယ်စပ်မှာ ရောက်နေပြီး စီးပွားရှာနေတဲ့အကြောင်း ရေးထားပါတယ်၊ အဖေက လေယာဉ်ပျက်ကျပြီး သူမသေတဲ့အကြောင်းကို ဘယ်သူ့ကိုမှ မပြောဘဲ

လျှို့ဝှက်ထားဖို့ အရေးကြီးတဲ့အကြောင်း ပြောပါတယ်”

ဟုပြောလေရာ ဂျာမဒါမင်းထင်က မျက်မှောင်ကြုတ်၍

“မမြဖူးရဲ့အဖေက သူလေယာဉ်ပျက်ကျပြီး မသေဘူးဆိုတာ လျှို့ဝှက်ထားခိုင်းတယ် ဟုတ် လား”

ဟု ပြောလေ၏။ မမြဖူးက ခေါင်းညိတ်၍

“ဟုတ်ပါတယ်၊ အဖေရဲ့အမှာစကားက ထူးခြားနေလို့ ကျွန်မကိုယ်တိုင် တအံ့တဩ ဖြစ်ရပါ တယ်၊ လွန်ခဲ့တဲ့ ၆ လလောက်က ကျွန်မ အဖေဆီက စာတစ်စောင်ထပ်ပြီးရပါတယ်၊ စာထဲမှာ သူ ရန်ကုန်မြို့က မြို့မဟိုတယ်မှာ တည်းခိုမဲ့အကြောင်း၊ ကျွန်မကို ရန်ကုန်ကိုတက်ပြီး သူနဲ့လာတွေ့ဖို့ ရေးသားထားပါတယ်၊ ကျွန်မလဲ ၅ နှစ်နီးပါး ခွဲခွာနေရတဲ့ အဖေနဲ့တွေ့ရတော့မယ်ဆိုပြီး ရန်ကုန်မြို့ ကို တက်လာခဲ့တယ်၊ ရန်ကုန်မြို့က မြို့မဟိုတယ်ကိုရောက်တော့ ကျွန်မ အဖေကိုမတွေ့ရပါဘူး၊ ဟိုတယ်မန်နေဂျာဆီမှာ စုံစမ်းကြည့်တော့ ကျွန်မအဖေ သူတို့ဟိုတယ်မှာ တည်းခိုသွားကြောင်း၊ ဟိုတယ်ကိုရောက်ပြီး နောက်တစ်နေ့မှာ အဝတ်အစားအိတ်ကြီးထားခဲ့ပြီး ပြန်မလာတာ နှစ်ရက်ရှိ ပြီဖြစ်ကြောင်း ပြောခဲ့တယ်၊ ကျွန်မလဲ အဖေခရီးလွန်နေတယ်ထင်ပြီး မြို့မဟိုတယ်မှာတည်းပြီး တစ်ပတ်တိတိ စောင့်ခဲ့တယ်၊ တစ်ပတ်ကြာလို့ အဖေပြန်မလာတဲ့အခါမှာ ဟိုတယ်မန်နေဂျာရဲ့ တိုက်တွန်းချက်အရ ပုလိပ်ကိုသွားတိုင်ခဲ့တယ်”

ဟုပြောလေရာ ဂျာမဒါမင်းထင်က မျက်မှောင်ကြုတ်၍

“ပုလိပ်ကိုတိုင်တဲ့အခါ မမြဖူးအဖေဟာ ဘုရင်မလေတပ်က အမှုထမ်းလို့ တိုင်ခဲ့သလား”

ဟု မေးမြန်းလေ၏။ မမြဖူးက ခေါင်းခါယမ်း၍

“အဖေက သူလေယာဉ်ပျက်ကျပြီး အသက်မသေတာကို လျှို့ဝှက်ထားချင်တဲ့အတွက် ပုလိပ်ကို ကျွန်မမပြောခဲ့ပါဘူး၊ အဖေ့ကို လက်လုပ်လက်စား ကုန်သည်တစ်ယောက်လို့ပဲ ပြောခဲ့ပါ တယ်၊ ပုလိပ်က အဖေရဲ့သတင်းကို စုံစမ်းနေပေမဲ့ ဒီနေ့အထိ အဖေပျောက်နေတုန်းပဲ”

ဟုပြောလေရာ ဂျာမဒါမင်းထင်က မျက်မှောင်ကြုတ်၍

“မမြဖူးရဲ့အဖေမှာ ရင်းနှီးတဲ့သူငယ်ချင်းတွေ ရှိသလား”

ဟု မေးမြန်းလေသည်။ မမြဖူးက သက်ပြင်းချ၍

“အဖေနဲ့ရင်းနှီးတဲ့မိတ်ဆွေတွေက ဘုရင်မလေတပ်ထဲက အမှုထမ်းတွေပါ၊ ကျွန်မအဖေနာ မည် ဦးစိန်တိုးပါ၊ ဦးမင်းခေါင်နဲ့ ဦးအုန်းဖေဆိုတဲ့ ပုဂ္ဂိုလ်နှစ်ယောက်ကို တော်တော်ရင်းနှီးတယ်လို့ သိရတယ်၊ ဒါပေမယ့် သူတို့နှစ်ယောက်စလုံးကို အဖေနဲ့အတူ လေယာဉ်ပျက်ကျတုန်းက ပါသွားခဲ့ ပါတယ်”

ဟု ပြောလေ၏ ။ ဂျာမဒါမင်းထင်က ခေါင်းခါယမ်း၍

“မမြဖူးရဲ့အဖေ ကိုစိန်တိုးဟာ လေယာဉ်ပျက်ကျတုန်းက မသေခဲ့ဖူးဆိုရင် ကိုမင်းခေါင်နဲ့ ကိုအုန်းဖေကလဲ အသက်ရှင်နိုင်ပါတယ်၊ သူတို့ရဲ့နေရပ်ကို သိသလား”

ဟု မေးမြန်းလေသည်။ မမြဖူးက ခေါင်းခါယမ်း၍

“သူတို့ ရန်ကုန်မြို့ကမဟုတ်ဘူးဆိုတာတော့သိပါတယ်၊ လိပ်စာတိတိကျကျ မသိပါဘူး”

ဟု ပြောလေ၏ ။

ဂျာမဒါမင်းထင်က ဆက်လက်၍

“မမြဖူးအဖေ ကိုစိန်တိုးရဲ့အဝတ်အစားအိတ်ထဲမှာ ဘာတွေ့သလဲ”

ဟု မေးမြန်းလေသည်။ မမြဖူးက စိတ်ပျက်ဟန်ဖြင့်

"သဲလွန်စရစရာ ဘာမှမရှိပါဘူး၊ အဝတ်အစားနည်းနည်းနဲ့ မြေပုံလိုစာရွက်တစ်ရွက်ပါ၊ မြေပုံစာရွက်ကို ကျွန်မ ယူလာပါတယ်"

ဟုပြောပြီး ဂျာမဒါမင်းထင်လက်သို့ ကမ်းပေးလိုက်လေ၏ ။ ဂျာမဒါမင်းထင်က မြေပုံစာရွက် ပိုင်းကလေးကိုကြည့်၍

"အဖိုးတန်ပစ္စည်းတစ်ခုကို မြှုပ်နှံပြီး မြေပုံဆွဲတယ်၊ မြေပုံကိုသုံးပိုင်းပိုင်းပြီး ခွဲယူထားတဲ့ သဘောပဲ၊ ဒါနဲ့ မမြဖူးရဲ့အဖေနဲ့ပတ်သက်ပြီး ရှုပ်ထွေးပွေလီတဲ့မှုတွေကို ဆက်ပြောပါဦး"

ဟု မေးမြန်းလိုက်လေ၏ ။

မမြဖူးက သက်ပြင်းချ၍

"ကျွန်မလဲ အဖေ့ကိုမတွေ့ရလို့ စိုးရိမ်တကြီးနဲ့ ဗန်းမော်ကိုပြန်ပြီး ဆရာမအလုပ်ကို ပြန် လုပ်နေခဲ့တယ်၊ ကျွန်မ ဗန်းမော်ပြန်ပြီး သုံးလလောက်အကြာမှာ စာတိုက်ကနေ ပါဆယ်ရောက်လာ ပါတယ်၊ ပါဆယ်ထုပ်ထဲမှာ ဘာစာမှမပါပေမဲ့ အလွန်ထူးဆန်းတဲ့ ရွှေဒင်္ဂါးဆယ်ပြားတိတိ ပါတယ် ရှင့်၊ ရွှေဒင်္ဂါးတွေဟာ ကျွန်မတို့မြင်နေကျ ဂျော့ချ်ခေါင်းတွေမဟုတ်ဘူး၊ ရွှေဒင်္ဂါးတွေရဲ တစ်ဖက်မှာ တောင်ပုံကြီးဆွဲထားပြီး တစ်ဖက်မှာတော့ မြန်မာစာနဲ့ ဒေါင်းယောင်ဆောင်သောကျီးလို့ ရေးသား ထားပါတယ်"

ဟုပြောလိုက်ရာ ဂျာမဒါမင်းထင်က စိတ်ဝင်တစားနားထောင်၍

"မမြဖူးရဲ့အကြောင်းအရာတွေက ပိုပြီးစိတ်ဝင်စားဖို့ ကောင်းနေပြီ၊ ရွှေဒင်္ဂါးတွေက အစစ် တွေနော်"

ဟုမေးမြန်းလေရာ မမြဖူးသည် သူမ၏ စလင်းဘတ်အိတ်ထဲသို့ နှိုက်၍

"အစစ်တွေပါရှင်၊ နမူနာကြည့်ဖို့ ကျွန်မ ယူလာခဲ့ပါတယ်"

ဟုဆိုကာ ဂျာမဒါမင်းထင်အား ရွှေဒင်္ဂါးတစ်ပြား လှမ်းပေးလေ၏။

ကျွန်ုပ်တို့ကြည့်ရှုလိုက်ရာ ရွှေဒင်္ဂါးတစ်ဖက်တွင် မြင့်မားသောတောင်ကြီးတစ်လုံးကို ရေးဆွဲ ထားပြီး တစ်ဖက်တွင် ဒေါင်းယောင်ဆောင်သောကျီးဟု ရေးသားထားလေ၏။

မမြဖူးက ဆက်လက်၍

“အဲဒီ လကစပြီး လစဉ်လကုန်ရက်တိုင်း ကျွန်မဆီကို ပါဆယ်ထုပ်တွေရောက်လာပြီး ရွှေဒင်္ဂါး (၁၀) ပြားစီ ပို့ပို့နေတာ၊ အခုဆိုရင် ပါဆယ်ထုပ် ၃ ထုပ်နဲ့ ရွှေဒင်္ဂါးအပြား (၃၀) တိတိ ရရှိ ပြီးပါပြီ၊ ရွှေဒင်္ဂါးတွေကို ဘယ်သူပို့သလဲဆိုတာ ကျွန်မမသိပါဘူး၊ ကျွန်မအဖေ ဦးစိန်တိုးများ ပို့နေသလားမသိဘူး”

ဟုပြောလေရာ ဂျာမဒါမင်းထင်က ခေါင်းညိတ်၍

“ရှေ့ဆက်ပြီး ဘာတွေဖြစ်သေးလဲ”

ဟု မေးမြန်းလေ၏။

မမြဖူးက စလင်းဘတ်အိတ်ထဲမှ စာတစ်စောင်ကိုထုတ်၍

“လွန်ခဲ့တဲ့ငါးရက်လောက်က ကျွန်မဆီကို ရောက်လာတဲ့စာပါ၊ ဂျာမဒါမင်းထင် ဖတ်ကြည့် ပါ”

ဟုပြောလေ၏။ စာကို ကျွန်ုပ်တို့ဖတ်ကြည့်လိုက်သောအခါ အောက်ပါအတိုင်း တွေ့ရလေ ၏။

ယခုလ (၁၅) ရက်နေ့ည (၈) နာရီတိတိတွင် ဘုံဘေရက်စတော့ရင့်မှာ စောင့်နေပါ၊ မမြဖူး စိုးရိမ်သောကမဖြစ်စေရန် မိတ်ဆွေတစ်ယောက်နှစ်ယောက်ကို အဖော်အဖြစ် ခေါ်ယူလာနိုင်ပါ သည်၊ ကျွန်ုပ်တို့နှင့် လာရောက်တွေ့ဆုံသည့်အတွက် မမြဖူးမှာ အရှုံးမရှိနိုင်ပါ၊ ကျွန်ုပ်တို့သည် မမြဖူး၏ အကျိုးကို လိုလားသူများ

ဖြစ်ပါသည်။ ဤကိစ္စကို ပုလိပ်ထံမပေါက်ကြားစေလိုပါ၊ ပုလိပ် များသိသွားလျှင် မဖြူဖူးသာလျှင် နစ်နာလိမ့်မည်။

(အကျိုးလိုလားသူ)

ဂျာမဒါမင်းထင်က စာကိုဖတ်ရှု၍ နေ့စွဲကိုကြည့်ကာ

"ဒါဆိုရင် သူတို့ချိန်းတဲ့နေ့က မနက်ဖြန်ပဲ၊ မဖြူဖူး ဘယ်လိုသဘောရသလဲ"

ဟု မေးမြန်းလေ၏ ။ မဖြူဖူးက မျက်မှောက်ကြုတ်၍

"ကျွန်မ ဂျာမဒါမင်းထင်ကို အဖော်ခေါ်ပြီး သူတို့နဲ့သွားတွေ့ချင်တယ်၊ ဂျာမဒါ ကျွန်မကို ကူညီမယ်မဟုတ်လား"

ဟု မေးမြန်းလေ၏ ။ ဂျာမဒါမင်းထင်က

"ကူညီရတာ ပေါ့ဗျာ၊ ဒါနဲ့ မဖြူဖူးဆီကို ပါဆယ်ပို့တဲ့အခါ လိပ်စာမှာရေးထားတဲ့လက်ရေးနဲ့ ဒီစာပေါ်မှာရေးထားတဲ့လက်ရေးဟာ မဖြူဖူးဖခင် ကိုစိန်တိုးရဲ့ လက်ရေးဖြစ်နိုင်မှာလား"

ဟု မေးမြန်းလေ၏ ။

မဖြူဖူးက ခေါင်းခါယမ်း၍

"အဖေ့လက်ရေးမဟုတ်ပါဘူးရှင့်၊ အဖေ့လက်ရေးကို ကျွန်မကောင်းကောင်းသိပါတယ်၊ ဒါဟာ လူစိမ်းတစ်ယောက်ရဲ့ လက်ရေးပါ"

ဟု ပြောလေ၏ ။

ထို့နောက်တွင်မူ မဖြူဖူးနှင့် ဂျာမဒါမင်းထင်သည် မနက်ဖြန်ညနေ ချိန်းဆိုကြပြီးနောက် မဖြူဖူးသည် သူမတည်းခိုသည့် ဟိုတယ်သို့ ပြန်လည်ထွက်ခွာသွား၏ ။

ဂျာမဒါမင်းထင်သည် မမြဖူးထွက်ခွာသွားသောအခါ တစ်ကိုယ်တည်း လေးနက်စွာစဉ်းစား ရင်း ကျန်ရစ်ခဲ့လေ၏။

x x x

အခန်း(၂)

ဂျာမဒါမင်းထင်သည် အတန်ကြာအောင် တစ်စုံတစ်ရာကို စဉ်းစားနေရာမှ ရုတ်တရက်ထ၍

"ကျုပ်သတိရပြီ၊ သတင်းစာတွေထဲမှာ ရှာကြည့်ရမယ်၊ အနည်းဆုံး လွန်ခဲ့တဲ့ ၄လ၊ ၅လ လောက်က သတင်းစာတွေမှာ ရှာရမယ်"

ဟုဆိုကာ ကျွန်ုပ်တို့အိမ်ရှိ သတင်းစာပုံကြီးအား ရှာဖွေလေတော့၏။ အတန်ကြာအောင် ရှာဖွေပြီးနောက် သတင်းစာတစ်စောင်ရှိကြော်ငြာကို လက်ညှိုးဖြင့်ထောက်၍

"ဟောဒီမှာကြော်ငြာတွေ့ပြီ"

ဟု ပြောလေ၏။

ကျွန်ုပ်သည် ဂျာမဒါမင်းထင် လက်ညှိုးထောက်၍ ပြသရာသို့ ကြည့်လိုက်သောအခါ

"ဒေါင်းယောင်ဆောင်သောကျီးကို တွေ့ချင်လျှင် အောက်ပါလိပ်စာအတိုင်း လာခဲ့ပါ"

ဟူသောကြော်ငြာ၏ အောက်၌ ကြည့်မြင်တိုင်ဘက်ရှိ အိမ်လိပ်စာတစ်ခုကို တွေ့ရ၏။

ကျွန်ုပ်က မျက်မှောင်ကြုတ်၍

"ဒေါင်းယောင်ဆောင်သောကျီးဆိုတာ မမြဖူးရဲ့ရွှေဒင်္ဂါးတစ်ဖက်မှာ ရိုက်နှိပ်ထားတဲ့ စာသား ပဲဗျ၊ တိုက်ဆိုင်မှုရှိမယ် ထင်တယ်"

ဟုပြောလိုက်လေ၏။ ဂျာမဒါမင်းထင်က ခေါင်းညိတ်၍

"တိုက်ဆိုင်မှုရှိနိုင်တာပေါ့ဗျာ၊ မမြဖူးကို သူ့အဖေက စာရေးပြီးဆက်သွယ်တဲ့အချိန်နဲ့ ဒီသတင်းစာမှာ ကြော်ငြာပါတဲ့အချိန်ဟာ အတော်နီးစပ်တယ်ဗျ၊ ကျုပ်သွားပြီး စုံစမ်းကြည့်လိုက်မယ်"

ဟုဆိုကာ စိတ်မြန်လက်မြန်ဖြင့်ထ၍ အော်စတင်ကားလေးကို ကိုယ်တိုင်မောင်း၍ ထွက်ခွာ သွားလေ၏။

ကျွန်ုပ်မှာမူ ဖတ်လက်စဂန္တလောကမဂ္ဂဇင်းကို ပြန်လည်ဖတ်ရှုရင်း အိမ်၌ ကျန်ရစ်ခဲ့လေ၏။

x x x

ဂျာမဒါမင်းထင်သည် အတန်ကြာသောအခါ အိမ်သို့ ရွှန်လန်းစွာ ပြန်လည်ရောက်ရှိလာ၏။ ကျွန်ုပ်က စိတ်လှုပ်ရှားဟန်ဖြင့်

"အခြေအနေထူးရဲ့လား ဂျာမဒါ"

ဟု မေးမြန်းလိုက်လေ၏။ ဂျာမဒါမင်းထင်က ခေါင်းညိတ်၍

"ထူးတာပေါ့ဗျာ၊ ကျုပ်သွားစုံစမ်းတဲ့လိပ်စာမှာ ပျောက်ဆုံးသွားတဲ့ ကိုစိန်တိုးရဲ့မိတ်ဆွေ ကိုအုန်းခင် နေထိုင်တယ်ဗျ၊ ဒါပေမယ့် ကိုအုန်းခင်က လွန်ခဲ့တဲ့ ၄ လလောက်ကပဲ ဆုံးပါးသွား တယ်၊ ဒါကြောင့် ပျောက်ဆုံးနေတဲ့ကိုစိန်တိုးဟာ ကိုအုန်းင်နဲ့အတူ လေယာဉ်ပျက်ကျရာမှာ ပါသွား တယ်ဆိုပေမယ့် ကျုပ်စုံစမ်းရသမျှ ကိုအုန်းခင်လဲ အသက်မသေဘဲ ရန်ကုန်မြို့ကို လွန်ခဲ့တဲ့နှစ်က ရောက်ရှိနေတယ်၊ ကိုအုန်းခင်သေဆုံးပြီးတော့ နောက်တစ်လအကြာမှာ မမြဖူးဟာ ရွှေဒင်္ဂါးတွေကို လက်ခံရရှိတာပဲ၊ ဒါကြောင့် မမြဖူးရရှိတယ်ဆိုတဲ့ ရွှေဒင်္ဂါးတွေဟာ သေသူဦးအုန်းခင်နဲ့ ပတ်သက် နေနိုင်တယ်၊ ဦးအုန်းခင်ရဲ့ ကျန်ရစ်သူမိသားစုတွေက မမြဖူးကို ရွှေဒင်္ဂါးတွေ ပို့ပေးနေသလား မသိ ဘူး"

ဟုပြောလေရာ ကျွန်ုပ်က

"ဒီလောက်တန်ဖိုးရှိတဲ့ ရွှေဒင်္ဂါးတွေကို ဘာဖြစ်လို့ မမြဖူးကို ပို့ပေးနေတာလဲ"

ဟု မေးမြန်းလေ၏ ။

ဂျာမဒါမင်းထင်က ခေါင်းခါယမ်း၍

"ဒါတော့ ကျုပ်တို့ ကောက်ချက်ဆွဲလို့ မရသေးဘူး၊ ကျုပ်အထင်တော့ ကိုအုန်းခင်ဟာ ရန်ကုန်မြို့ ကြည့်မြင်တိုင်ကို တစ်နှစ်လောက်စောရောက်နေပြီးတော့ သူနေတဲ့နေရပ်ကို ကိုစိန်တိုး သိအောင် သတင်းစာထဲကနေ ဒေါင်းယောင်ဆောင်သောကျီးကို တွေ့ချင်ရင် အောက်ပါလိပ်စာ အတိုင်း လာခဲ့ပါလို့ ကြော်ငြာရတာ ပဲ၊ အမှုကတော့ တော်တော်ကိုရှုပ်ထွေးမဲ့သဘောရှိတယ်"

ဟု ပြောလေတော့၏ ။

x x x

နောက်တစ်နေ့ညနေသို့ရောက်သောအခါ ဘုန်းကြီးလမ်းနေအိမ်သို့ မမြဖူး ရောက်ရှိလာ လေ၏ ။

ကျွန်ုပ်သည် လှပစွာပြင်ဆင်ထားသော မမြဖူးကိုကြည့်ရင်း သက်ပြင်းရှည်ကြီးကို ချလိုက်မိ ၏ ။ ဂျာမဒါမင်းထင်သည် ကိုစိန်တိုး၏ အိတ်ထဲမှရရှိသော မြေပုံစာရွက်အပိုင်းလေးကို စူးစိုက်ကြည့် ရှုနေရာမှ မမြဖူးကိုကြည့်၍

"ဒီနေ့ည စိတ်ထိခိုက်စရာ အတွေ့အကြုံတွေကို မြင်ရကြားရရင် မမြဖူးကိုယ်တိုင်ထိန်းနိုင် အောင် ကြိုးစားပါ"

မမြဖူးက ခေါင်းညိတ်၍

"ကျွန်မတို့ အန္တရာယ်တွေနဲ့ တွေ့နိုင်သလား"

ဟု မေးမြန်းလေ၏။

ဂျာမဒါမင်းထင်က သက်ပြင်းချ၍

"ဘာတစ်ခုမှ ကြိုပြောလို့မရဘူး၊ ဒါပေမယ့် မမြဖူးကို မှဲ့တစ်ပေါက်မှ မစွန်းရအောင် ကျုပ်တို့ တာဝန်ယူပါတယ်"

ဟုဆိုကာ ဂျာမဒါမင်းထင်သည် တစ်ကိုယ်တည်း လေးနက်စွာစဉ်းစားနေလေ၏။

ည (၇) နာရီကျော်သောအခါ ဂျာမဒါမင်းထင်သည် ကျွန်ုပ်နှင့်မမြဖူးကိုခေါ်၍ အော်စတင် ကားလေးကို ကိုယ်တိုင်မောင်းလေ၏။

ကျွန်ုပ်တို့သည် ဘုံဘေရက်စတော့ရင့်ကိုရောက်သောအခါ ကားကိုရပ်၍ ဝင်ခဲ့၏။ ထို့နောက် ရက်စတော့ရင့်ထဲရှိ စားပွဲလွတ်တစ်လုံး၌ ထိုင်လိုက်လေ၏။

ထိုအခိုက်မှာပင် ကျွန်ုပ်တို့စားပွဲသို့ လူတစ်ဦး ရောက်ရှိလာပြီး

"မမြဖူးတို့ မှတ်တယ်"

ဟုဆိုလိုက်ရာ မမြဖူးက ဟုတ်မှန်ကြောင်းပြောလေ၏။

ထိုသူသည် ကျွန်ုပ်နှင့်ဂျာမဒါမင်းထင်၏ မျက်နှာကိုကြည့်၍

"ပုလိပ်ခေါ်လာရင်တော့ ကျွန်တော်တို့အစီအစဉ် ပျက်မှာပဲ"

ဟုပြောလေရာ ဂျာမဒါမင်းထင်က ခေါင်းခါယမ်း၍

"ကျုပ်တို့ ပုလိပ်မဟုတ်ပါဘူးဗျာ"

ဟု ပြောကြားလိုက်လေ၏။

ထိုအခါ မမြဖူးကို လာရောက်ခေါ်ဆောင်သူက

“ခင်ဗျားတို့မှာ ကားပါတာကျုပ်သိတယ်၊ ကျုပ်ကားနောက်က လိုက်ခဲ့ကြပါ”

ဟုဆိုကာ ဘုံဘေရက်စတော့ရင့်ရှေ့၌ ရပ်ထားသော ဂျစ်ကားကို မောင်းထွက်သွားလေ၏။

x x x